# اسلامی عقائد

# အခွလာမ့် ယုံကြည်ချက်များ

အမေး - အဖြေ

ပြုစုသူ

မော်လာနာ အာရှိက်က်အီလာဟီ (ဘိုလန်ဒ်ရှဟ်ရီ)

ပြန်ဆိုသူ

မော်လာနာ ရဖီးက် (အဇီဇီ)

# اسلامی عقائد

# အစ္စလာမ့် ယုံကြည်ချက်များ

အမေး - အဖြေ

ပြုစုသူ

မော်လာနာ အာရှိက္က်အီလာဟီ (ဘိုလန်ဒ်ရှဟ်ရီ)

ပြန်ဆိုသူ

မော်လာနာ ရဖီးက် (အဇီဇီ)

بسم الله الرحمن الرحيم

## ဘာသာပြန်သူ၏ အမှာစာ

အစ္စလာမ်ီးအကာဒီဒ် မည်သော ဤအစ္စလာမ့်အခြေခံ ယုံကြည်ချက်များသည် မွတ်စ်လင်မ်တစ်ဦးအဖို့ မဖြစ်မနေသိထား၍ ယုံကြည်နှလုံးသွင်းရမည့် အချက်များဖြစ်ပါသည်။ ဖြူစင်းနူနယ်လှသည့် ကလေးသူငယ်များ၏ နှလုံးသားသည် နီးစပ်ရာပတ်ဝန်းကျင်မှ သွတ်သွင်းသမျှကို မှတ်ယူပုံရိပ်ထင်ဟပ်သွားတတ်သည်ဖြစ်ရာ အခြေခံဘာသာရေးစာဖတ်ကာစကလေးများအတွက် အထူးသင့်တော်မည်ဟု ယူဆ၍ ဤစာအုပ်အားဘာသာပြန်ဖြစ်ခဲ့ပါသည်။ အလ္လာဟ် လက်ခံတော်မူပြီး အုမ္မသ်အတွက် အသုံးဝင် နိုင်ပါစေဟု ဒိုအာပြုပါသည်။

ဒိုအာလိုလားစွာဖြင့်

**မူဟာမွဒ် ရဖီးက် (အဇီဇီ)**

ကျောင်းဆရာ၊ အစ္စလာမ့်အလယ်တန်းကျောင်း

ကန်ဘက်၊ လပွတ္တာမြို့နယ်။

[illegible] ကွန်ပျူတာသင်တန်း၊ ကွန်ပျူတာစီဒီ ဆော့ဖ်ဝဲနှင့် ဂရပ်ဖစ်ဒီဇိုင်း

အမှတ် (၁၂၄) ၃၃-လမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့

၁။ **အမေး**- စကြဝဠာကြီးသည် အစကနဦးကတည်းက အလို အလျောက် ဖြစ်ပေါ်ခဲ့ပါသလား?

**အဖြေ**- စကြဝဠာတစ်ခုလုံးသည် အစကနဦးက လုံးဝမရှိခဲ့ပါ။ အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာခဲ့ပါသည်။

၂။ **အမေး**- အလ္လာဟ်အရှင်မြတ်သည် မည်သို့သောအရှင်ဖြစ်တော်မူ၍ အလ္လာဟ်ဘယ်နှစ်ပါးရှိသလဲ?

**အဖြေ**- အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်း တည်ရှိတော်မူ၏။ ထိုအရှင်သည် လိုလားတောင့်တမှု အပေါင်းမှ ကင်းရှင်းတော်မူ၏။ ထိုအရှင်သည် မည်သူ့တစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားခြင်းမရှိ၊ ထိုအရှင်ကိုလည်း မည်သူတစ်ဦးတစ်ယောက်ကမျှမွေးဖွားသည် မဟုတ်ပါ။ ထိုအရှင်၌ ဇနီးလည်းမရှိ။ ထိုအရှင်နှင့် ဂုဏ်ရည်တူဟူ၍လည်း မရှိပါ။

၃။ **အမေး**- အလ္လာဟ်အရှင်မြတ်နှင့် ပမာတူရှိပါသလား?

**အဖြေ**- ထိုအရှင်မြတ်နှင့်ပမာတူဟူ၍မရှိ၊ ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့နှင့် ခြားနားသည်။ ထိုအရှင်မြတ်သည် မူလကပင်ရှိတော်မူ၍ အစဉ်အမြဲရှိတော်မူမည်။

၄။ **အမေး**- အလ္လာဟ်အရှင်မြတ်သည် အစဉ်အမြဲတည်ရှိနေမည်လား?

**အဖြေ**- ထိုအရှင်မြတ်သည် အစဉ်အမြဲတည်ရှိနေတော်မူ၏၊ ရှင်နေလျက်သာရှိနေမည်။ အရာခပ်သိမ်းကို စွမ်းဆောင်နိုင်တော်မူသောအရှင်လည်း ဖြစ်သည်။

၅။ **အမေး**- အလ္လာဟ်အရှင်မြတ်မသိသောအရာရှိပါသလား?

**အဖြေ**- မည်သည့်အရာကိုမျှ ထိုအရှင် မသိသည်မရှိ၊ ထိုအရှင်သည် အားလုံးကို မြင်နေ၊ ကြားနေတော်မူ၏။

၆။ **အမေး**- အလ္လာဟ်အရှင်မြတ်သည် စကားပြောဆိုပါသလား?

**အဖြေ**- ထိုအရှင်မြတ်သည် စကားပြောဆိုတော်မူသည်။ သို့သော် ထိုအရှင်၏ပြောဆိုမှုသည် ကျွန်ုပ်တို့၏ပြောဆိုမှုနှင့် လုံးဝမတူပါ။

၇။ **အမေး**- အလ္လာဟ်အရှင်မြတ်၏အမိန့်တွင် ဝင်ရောက်စွက်ဖက်နိုင်ပါသလား?

**အဖြေ**- ထိုအရှင်သည် မိမိအလိုကျ ဆောင်ရွက်တော်မူသည်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုအရှင်ကို စွက်ဖက်တားဆီး နိုင်စွမ်းမရှိ။

၈။ **အမေး**-အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်အချို့ကို ပြောပြပါ?

**အဓိပ္ပါယ်** - ထိုအရှင်သာလျှင် ခ,ဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူ၏၊ ထိုအရှင်နှင့် နှိုင်းယှဉ်နိုင်သူဟူ၍မရှိ၊ ထိုအရှင်သည် မိမိ၏ ဗန္ဒာဟ်များအပေါ် ကြင်နာတော်မူ၏။ ဘုရင်တကာ့ဘုရင်ဖြစ်တော်မူ၏။ ချို့ယွင်းချက်အပေါင်းမှ ကင်းရှင်းတော်မူ၏။ လွှမ်းမိုးတော်မူ၏။ သိက္ခာအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူ၏။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူ၏။ ထိုအရှင်ကို မွေးမြူဖန်ဆင်းသူဟူ၍မရှိ၊ အပြစ်များမှ လွတ်ငြိမ်းချမ်းသာမှုပေးတော်မူသောအရှင်ဖြစ်တော်မူ၏။ ရက်ရောစွာ ပေးသနားတော်မူသောအရှင်ဖြစ်တော်မူ၏၊ ရိဇ်ရိက္ခာပေးသနားတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်သည် စားနပ်ရိက္ခာကျပ်တည်းစေလိုသူကို ကျပ်တည်းစေ၍ ချောင်လည်စေလိုသူကို ချောင်လည်စေတော်မူ၏။ နိမ့်ကျစေလိုသူကို နိမ့်ချ၍၊ မြင့်မားစေလိုသူကို မြှင့်တင်ပေးတော်မူ၏။ သိက္ခာတက်စေလိုသူကို သိက္ခာတင်ပေးတော်မူ၍ သိက္ခာကျစေလိုသူကို သိက္ခာချတော်မူ၏။ တရားမျှတတော်မူသော အရှင်ဖြစ်တော်မူ၏။ သည်းခံခြင်းတရားနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ ခဝပ်ကိုးကွယ်မှုအား အလေးထားတော်မူသောအရှင် ဖြစ်တော်မူ၏။ 'ဒိုအာ' ဆုတောင်းမှု

အား လက်ခံတော်မူသော အရှင်ဖြစ်တော်မူ၏။ အရာ ခပ်သိမ်းအပေါ်တွင် ဩဇာလွှမ်းမိုးတော်မူ၏။ မည်သူမျှ ထို အရှင်မြတ်ပေါ် ဩဇာမလွှမ်းမိုးနိုင်၊ ထိုအရှင်မြတ်၏ မည်သည့်အလုပ်မျှ အကြောင်းမဲ့မဟုတ်။ ထိုအရှင် သည် ခပ်သိမ်းသောသူတို့၏ အလုပ်ကို ဖန်တီးပေး တော်မူသောအရှင်ဖြစ်တော်မူ၏။ ထိုအရှင်သာလျှင် ရှင်စေတော်မူ၏။ ထိုအရှင်သာလျှင် သေစေတော်မူ ၏။ တည်ရှိသမျှတို့သည် ထိုအရှင်၏အလိုတော်အရ တည်ရှိနေတော်မူ၏။ မခ်လူးက် အဖန်ဆင်းခံတို့၏ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ ကျန်းမာခြင်းနှင့် နာမကျန်းဖြစ်ခြင်း၊ အကျိုးရှိခြင်းနှင့်အကျိုးယုတ်စေခြင်း တို့သည် ထိုအရှင့်အလိုတော်အရသာ ဖြစ်တော်မူ၏။

၉။ **အမေး**- အလ္လာဟ်အရှင်မြတ်ကိုမည်သို့ သိနိုင်ပါသနည်း?

**အဖြေ**- အလ္လာဟ်အရှင်မြတ်အား ဂုဏ်တော်နှင့် အချင်း လက္ခဏာတော်တို့ဖြင့် အားလုံးပင် သိနိုင်၏။ ထိုအရှင် မြတ်၏ မူလဇစ်မြစ်ကို ကျွန်ုပ်တို့ အပြည့်အဝမသိနိုင်ပါ။ အပြစ်ကျူးလွန်သူတို့၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူ၏။ အပြစ်နှင့်ထိုက်တန်သော သူကို အပြစ်ဒဏ်ခတ်တော်မူ၏။ ဖြစ်ပျက်သမျှတို့သည် အရှင်မြတ်၏အမိန့်တော်အရသာ ဖြစ်၏။ ထိုအရှင်၏ အမိန့်တော်မပါဘဲ မြူမှုန့်တစ်မှုန့်ပင် ရွေ့လျားနိုင်စွမ်း

မရှိပါ။ ထိုအရှင်သည် အိပ်စက်ခြင်းလည်းမရှိ။ အိပ်ငိုက်ခြင်းလည်းမရှိ။ စကြဝဠာကြီးအား ထိန်းသိမ်းရခြင်းကြောင့် မောပန်းသည်ဟူ၍လည်း မရှိ။ ထိုအရှင်သာလျှင် အရာခပ်သိမ်းကို ထိန်းချုပ်ထားတော်မူ၏။ ထိုအရှင်သည် ကောင်းမြတ်သော ဂုဏ်ဒြပ်အပေါင်းနှင့် ထာ၀ရပြည့်စုံတော်မူ၏။ ထိုအရှင်၏ ဂုဏ်တော်များသည် အစဉ်အမြဲရှိနေမည်။ မည်သည့် ဂုဏ်တော်မျှ ကုန်ဆုံးမည်မဟုတ်။

၁၀ အမေး- အလ္လာဟ်အရှင်မြတ်တွင် အဖန်ဆင်းခံများကဲ့သို့ လက်၊ ခြေနှင့် အသိဉာဏ်များ ရှိပါသလား?

အဖြေ- ထိုအရှင်သည် အဖန်ဆင်းခံများ၏အရည်အချင်းနှင့် ကင်းရှင်းတော်မူ၏။ ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးစ်တို့တွင်ပါ၀င်သော အဖန်ဆင်းခံတို့၏ အချင်းအရာနှင့်ဆင်တူသော စကားလုံးတို့၏အလိုသဘောကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူ၏။ ဆိုလိုရင်းမှာ ကျွန်ုပ်တို့သည် ထိုအလိုသဘောအတိုင်း စောဒကတက်ခြင်းမရှိဘဲ မှန်ကန်ကြောင်း သက်၀င်ယုံကြည်ပါသည်ဟု ဆိုရမည်။

၁၁ အမေး- သပ်(က)ဒီးရ်ဆိုသည်မှာ အဘယ်နည်း?

အဖြေ- စကြဝဠာကြီးတွင်ဖြစ်ပျက်သမျှသော အကောင်းအဆိုး

တို့ကို မဖြစ်မီအလျင်ကပင် အရှင်မြတ်သည် အမြဲ တစေ သိတော်မူ၏။ မိမိအသိတော်နှင့်အညီ ဖန်ဆင်း တော်မူ၏။ အဖန်ဆင်းခံဟူသမျှတို့သည် မည်သို့မည်ပုံ ဖြစ်မည်ကို အရှင်မြတ်သည် ကြိုတင်သိပြီးဖြစ်၏။ ယင်းသို့ ကြိုတင်သိခြင်းကို သပ်(က)ဒီးရ်ဟုခေါ်၏။ မကောင်းသောအရာများကို ဖန်ဆင်းခြင်းတွင် များစွာ လျှို့ဝှက်ချက်ရှိ၏။ ယင်းကို ထိုအရှင်မြတ်သာလျှင် သိတော်မူ၏။

၁၂ **အမေး**- ဗန္ဒဟ်လူသားများအနက် အချို့မှာ ကာဖိရ် ဖြစ်ပြီး အချို့မှာ မုအ်မင်န်ဖြစ်ကြရသည်မှာ မည်သူကြောင့် နည်း?

**အဖြေ**- အလ္လာဟ်ရှင်မြတ်သည် ဗန္ဒဟ်လူသားများကို အသိ ဉာဏ်နှင့် လုပ်နိုင်စွမ်း ပေးထားတော်မူ၏။ ထိုပေးထား သော အသိဉာဏ်နှင့် လုပ်ဆောင်ချက်ဖြင့် ကုသိုလ်နှင့် အကု သိုလ်တို့ကို မိမိဆန္ဒသဘောအလျောက် ပြုမူခြင်း ဖြစ်၏။ မိမိသဘောအလျောက် မုအ်မင်န်၊ ကာဖိရ်ဖြစ် ကြ၏။ သို့သော်လည်း အီမာန်နှင့် ကုဖ်ရ်၊ ကောင်းမှုနှင့် မကောင်းမှုအားလုံးကို ဖန်ဆင်းတော်မူသောအရှင် မှာ အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူ၏။

၁၃ **အမေး**- လမ်းမှန်ရရှိသူများနှင့် လမ်းမှားရောက်သူများဟူ၍ အုပ်စုနှစ်စု အဘယ်ကြောင့် ကွဲပြားရသနည်း?

အဖြေ- အလ္လာဟ် ဟိဒါယသ်ပေးလိုသူကို ပေး၍ လမ်းလွဲစေလိုသူကို လမ်းလွဲစေ၏။ ယင်းကိစ္စနှင့်ပတ်သက်၍ မည်သူကမျှ အလ္လာဟ်အရှင်မြတ်အား ဖိအားမပေးနိုင်ပါ။ ဗန္ဒဟ်လူသားများ၏ မည်သည့်လုပ်ရပ်ကိုမျှ အကြောင်းခံမပါဘဲ ဖန်တီးနိုင်စွမ်းပေးမထားပါ။ သို့သော် အလ္လာဟ်အရှင်မြတ်သည် ဒုစရိုက်လုပ်ငန်းများကို နှစ်မြို့ခြင်း မရှိဘဲ၊ ကုသိုလ်အလုပ်များကို ကျေနပ်နှစ်သက်တော်မူ၏။

၁၄ အမေး- အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား မတတ်စွမ်းနိုင်သောတာဝန်ကို ပေးထားပါသလား?

အဖြေ- အလ္လာဟ်အရှင်မြတ်သည် လူသားတို့ မတတ်စွမ်းနိုင်သောအလုပ်ကို အမိန့်ပေးခိုင်းစေခြင်းမရှိပါ။

၁၅ အမေး- အဖန်ဆင်းခံများနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ပေါ်တွင် မပျက်မကွက် ပြုလုပ်ပေးရမည့် တာဝန်ဟူ၍ ရှိပါသလား?

အဖြေ- အဖန်ဆင်းခံများနှင့် ပတ်သက်ပြီး အလ္လာဟ်အရှင်မြတ်ပေါ်တွင် ပြုလုပ်ပေးရမည့် တာဝန်ဝတ္တရားဟူ၍ မရှိပါ။ ထိုအရှင်သည် ဗန္ဒဟ်များအား တစ်စုံတစ်ရာကို ပေးကမ်းချီးမြှင့်တော်မူပါက ထိုအရှင်၏ ကရုဏာထားရှိမှုနှင့် ကျေးဇူးတော်သာဖြစ်သည်။

၁၆ **အမေး**- နဗီတမန်တော်မြတ်များသည် မည်သည့်အတွက် ကြွရောက်လာခဲ့ပါသနည်း?

**အဖြေ**- အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူခဲ့သည့် များစွာသော နဗီတမန်တော်တို့သည် လူသားတို့အား လမ်းမှန်တရားပြသရန်အတွက် ရောက်ရှိလာခဲ့ကြသည်။ ထိုနဗီတမန်တော်တို့သည် အပြစ်များမှ ကင်းရှင်းတော်မူကြ၏။ ထိုနဗီတမန်တော်များ၏ အရေအတွက်အတိအကျကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူ၏။ ၄င်းတို့အား မှန်ကန်ကြောင်းသိစေရန် အလ္လာဟ်အရှင်မြတ်သည် အခြားသူတို့မစွမ်းနိုင်သော ထူးခြားသည့်လုပ်ရပ်များကို ၄င်းတို့ထံမှ ပေါ်ပေါက်စေခဲ့သည်။ ထိုလုပ်ရပ်များကို "မိုအ်ဂျိဇဟ်"ဟုခေါ်၏။ ၎င်းတို့တွင် ပထမဦးဆုံးနဗီတမန်တော်မှာ အာဒမ် عليه السلام ဖြစ်ပြီး နောက်ဆုံးမှာ တမန်တော်မုဟမ္မဒ် ﷺ သခင် ကြွရောက်လာခဲ့သည်။ ကျန်နဗီအပေါင်းတို့သည် ထိုနဗီနှစ်ပါး၏အကြားတွင် ပွင့်ပေါ်တော်မူခဲ့၏။ ၎င်းတို့တွင် အချို့သည် အလွန်ကျော်ကြားခဲ့ကြ၏။ ဥပမာ-နူးဟ် عليه السلام၊ အိဗ်ရာဟီး(မ်) عليه السلام ၊ အိစ်ဟားက် عليه السلام၊ အိစ်မာအီလ် عليه السلام၊ ယအ်ကူးဗ် عليه السلام၊ ယူစွတ်ဖ် عليه السلام၊ ဒါဝူးဒ် عليه السلام၊ စုလိုင်မာန် عليه السلام၊ အိုင်ယူးဗ် عليه السلام၊ မူဆာ عليه السلام၊ ဟာရွန်း عليه السلام၊ ဇကရိယာ

عليه السلام၊ ယဟ်ယာ عليه السلام၊ ·အီဆာ عليه السلام၊ အိလ်ယားစ် عليه السلام၊ အလ်ယစအ် عليه السلام၊ ယူနွတ်စ် عليه السلام၊ လူးသ် عليه السلام၊ အိဒ်ရီးစ် عليه السلام၊ ဆွာလေဟ် عليه السلام၊ ဟူးဒ် عليه السلام၊ ရှုအိုင်ဗ် عليه السلام တို့ဖြစ်ပါသည်။

၁၇ **အမေး**– နဗီတမန်တော် အားလုံး၏ အရေအတွက်ကို မည်သူ သိပါသနည်း?

**အဖြေ**– နဗီတမန်တော်အားလုံး၏ အရေအတွက်ကို အလ္လာဟ် အရှင်မြတ်သည် မည်သူ့ကိုမျှအသိမပေးခဲ့ပါ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်စေလွှတ်သော တမန်တော်များအားလုံးကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကျွန်ုပ်တို့ အီမာန်ယူကြောင်းခံယူထားရမည်။

၁၈ **အမေး**– နဗီတမန်တော်တစ်ပါးနှင့်တစ်ပါး အဆင့်အတန်း ကွာခြားကြပါသလား?

**အဖြေ**– နဗီတမန်တော်တို့တွင် အချို့တမန်တော်ထက် အချို့တမန်တော်က အဆင့်အတန်းမြင့်ကြ၏။ အားလုံးထက် အဆင့်အတန်းအမြင့်ဆုံးမှာ ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ ဖြစ်တော်မူ၏။ တမန်တော်မြတ် ﷺ ၏နောက်တွင် ထပ်မံ၍ နဗီအသစ်မပွင့်တော့ပါ။ ကိယာမသ်နေ့တိုင်အောင် ပေါက်ဖွားလာမည့် ဂျင်န်နှင့် လူသားအားလုံးအတွက် ကိုယ်တော်မြတ် ﷺ သည် နဗီဖြစ်တော်မူ၏။

၁၉ **အမေး**- မေအ်ရားဂျ်ဆိုသည်မှာ အဘယ်နည်း?

**အဖြေ**- ကျွန်ုပ်တို့၏နဗီတမန်တော်မြတ် ﷺ ကို အလ္လာဟ်အရှင်မြတ်သည် တစ်ညတွင် နိုးကြားလျက် ခန္ဓာကိုယ်နှင့်တကွ မက္ကာဟ်မြို့မှ ဗိုင်သုလ်မိုကဒ်ဒတ်(စ်)၊ ထိုမှ မိုးကောင်းကင် (၇) ထပ်သို့၊ ထိုမှ အလ္လာဟ်အရှင်မြတ်အလိုရှိရာနေရာသို့ ခေါ်ဆောင်တော်မူပြီး ထိုညတွင်ပင် မက္ကာဟ်မြို့သို့ပြန်ပို့တော်မူ၏။ ယင်းအဖြစ်အပျက်ကို 'မိအ်ရားဂျ်'ဟု ခေါ်သည်။

၂၀ **အမေး**- အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများအနက် ဖရစ်ရှ်သဟ်များကို မည်သည့်အရာဖြင့် ဖန်ဆင်းထားပြီး ၎င်းတို့ကို မည်သည့်တာဝန်များ ပေးထားသနည်း?

**အဖြေ**- အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံအချို့ကို နူးရ်ရောင်ခြည်ဖြင့် ဖန်ဆင်းတော်မူပြီး ကျွန်ုပ်တို့၏အမြင်မှ ဖုံးကွယ်ထားသည်။ ထိုအဖန်းဆင်းခံများကို ဖရစ်ရှ်သဟ်ဟုခေါ်သည်။ မြောက်မြားစွာသော လုပ်ငန်းများကို ၎င်းတို့အား တာဝန်ပေးထား၏။ ၎င်းတို့သည် အရှင်မြတ်၏အမိန့်တော်နှင့်ဆန့်ကျင်၍ မည်သည့်အလုပ်မျှ လုပ်ဆောင်ခြင်းမရှိ။ အလ္လာဟ်ခိုင်းစေသော အလုပ်တွင် နစ်မွန်းလျက်ရှိကြ၏။ ၎င်းတို့အနက် ဂျိဗ်ရာအီလ်ကောင်းကင်တမန်ကြီးသည် အလွန်ကျော်ကြား၏။ ၎င်းသည် နဗီတမန်တော် အပေါင်းတို့ထံ

အလ္လာဟ်အရှင်မြတ်၏ ဝဟီအမိန့်တော်များ ယူဆောင်လာလေ့ရှိခဲ့၏။ ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း ထိုကောင်းကင်တမန်ကြီးမှတစ်ဆင့် ချပေးတော်မူခဲ့သည်။ ထိုကောင်းကင်တမန်ကြီးကို ကျမ်း တော်မြတ်ကုရ်အာန်တွင် 'ရူဟုလ်အမီးန်'ဟူသော ဘွဲ့နာမဖြင့် ကင်ပွန်းတတ်ထား၏။

၂၁ **အမေး**- အလ္လာဟ်အရှင်မြတ်သည် 'ဂျင်န်'သတ္တဝါများကို မည်သည့်အရာဖြင့် ဖန်ဆင်းထားပါသနည်း?

**အဖြေ**- အလ္လာဟ်အရှင်မြတ်သည် အချို့သော အဖန်ဆင်းခံများကို မီးဖြင့်ဖန်ဆင်းတော်မူထား၏။ ထိုအဖန်ဆင်းခံများကိုလည်း ကျွန်ုပ်တို့မမြင်နိုင်ပါ။ ထိုအဖန်ဆင်းခံတို့ကို ဂျင်န်ဟုခေါ်သည်။ ၎င်းတို့တွင် မုအ်မင်န်၊ ကာဖိရ်၊ ကောင်းသူ၊ ဆိုးသွမ်းသူ အမျိုးမျိုးရှိကြသည်။ သားသမီးလည်း မွေးဖွားကြသည်။ ၎င်းဆိုးသွမ်းသူများအနက် အကျော်ကြားဆုံးမှာ အိဗ်လီစ်ရှိုင်သွာန် ဖြစ်သည်။

၂၂ **အမေး**- ဝလီဆိုသည်မှာ အဘယ်နည်း?

**အဖြေ**- မွတ်စလင်မ်တစ်ဦးသည် အလွန်အမိန့်နာခံ၍ အပြစ်ဒုစရိုက်အပေါင်းမှ ရှောင်ကြဉ်ကာ လောကကြီးအား ချစ်ခင်စုံမက်ခြင်းမပြုဘဲ တမန်တော်မြတ် ﷺ ၏

စံနမူနာအတိုင်း ဖဝါးခြေထပ် လိုက်နာကျင့်သုံးလာသောအခါ ထိုသူသည် အလ္လာဟ်၏ အချစ် တော်ဖြစ်သွားသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို "ဝလီ" ဟုခေါ်သည်။ ထိုပုဂ္ဂိုလ်တို့ထံမှ တစ်ခါတစ်ရံ အခြားသူများလုပ်လေ့ လုပ်ထမရှိသော လုပ်ရပ်ဆန်းများ ပေါ်ပေါက်လေ့ရှိသည်။ ယင်းအပြုအမူများကို "ကရာမသ်" ဟု ခေါ်သည်။

၂၃ **အမေး**- "ဝလီ" သည် "နဗီ" နှင့် အဆင့်တူပါသလား?

**အဖြေ**- ဝလီသူတော်စင်သည် မည်မျှပင် အဆင့်အတန်းမြင့်မားသည်ဖြစ်စေ၊ နဗီ၏အဆင့်အတန်းကို မမီပါ။ လူတစ်ယောက်သည် မည်မျှပင် အလ္လာဟ့်အချစ်တော်ဖြစ်ပါစေ၊ အသိအာရုံရှိနေသမျှ ရှရီအသ် တရားတော်အား လေးစားလိုက်နာရန် ဖရပ်ဇ်တာဝန်ဖြစ်သည်။ နမားဇ်၊ ရိုဇဟ်ကဲ့သို့သော မည်သည့်အိဗာဒသ်မျှ ခွင့်လွှတ်ချက်မရှိပါ။ မည်သည့် အပြစ်ဂိုနဟ်မျှ လုပ်ပိုင်ခွင့်မရှိပါ။

၂၄ **အမေး**- တရားတော်နှင့်ဆန့်ကျင်၍ ပြုမူနေထိုင်သူတစ်ဦးက အံ့ဩစရာအလုပ် လုပ်ပြနိုင်လျှင် ဝလီဖြစ်ပါသလား?

**အဖြေ**- ရှရီအသ်တရားတော်နှင့် ဆန့်ကျင်၍ ပြုမူနေထိုင်သူသည် အလ္လာဟ့်အချစ်တော် ဝလီမဖြစ်နိုင်ပါ။

ထိုသို့သောသူမျိုးထံမှ အံ့ဖွယ်လုပ်ရပ်တစ်စုံ တစ်ရာ တွေ့ခဲ့သော် ယင်းလုပ်ရပ်မှာ ဂျာဒူပယောဂ (သို့) ရှိုင်သွာန်၏လုပ်ရပ်သာလျှင်ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် လမ်းလွဲသူဖြစ်၏။ ထိုသို့သောသူအပေါ် ယုံကြည်ချက်ထားခြင်းနှင့် တပည့်ခံယူခြင်းသည် လမ်းလွဲမှုသာ ဖြစ်သည်။

၂၅ **အမေး**– "ဗိဒ်အသ်" တရားသစ်ဆိုသည်မှာ အဘယ်နည်း?

**အဖြေ**– အလ္လာဟ်နှင့်ရစူလ်သည် သာသနာ့လုပ်ဆောင်ချက်ဟူသမျှအား ကုရ်အာန်နှင့် ဟဒီးစ်တော်တို့တွင် ပြသထားပြီးဖြစ်၏။ ယခုထပ်မံ၍ သာသနာ့ကိစ္စရပ်များကို အသစ်တီထွင်ခွင့်မရှိပါ။ အသစ်တီထွင်သော ကိစ္စရပ်များကို "ဗိဒ်အသ်" ကို ခေါ်သည်။ ဗိဒ်အသ်သည် အလွန်တရာ အပြစ်ကြီးသည်။

၂၆ **အမေး**– ထင်ရှားကျော်ကြားသောကျမ်းကြီးများနှင့် ချပေးခြင်းခံရသော နဗီတမန်တော်များ၏ အမည်များကို ဖော်ပြပါ?

**အဖြေ**– အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များအပေါ် မိမိအုမ္မသ်သားများအား သင်ပေးရန်နှင့် တရားတော်များပို့ချပေးရန် ကျမ်းကြီး၊ ကျမ်းငယ်များ ချပေးတော်မူခဲ့သည်။ ၎င်းကျမ်းများအနက် ကျမ်းကြီးလေးကျမ်းသည် အလွန်ကျော်ကြား၏။

(၁) သောင်ရားသ်ကျမ်း။ ထိုကျမ်းကို မူဆာနဗိရရှိတော်မူခဲ့၏။
(၂) ဇဗူးရ်ကျမ်း။ ထိုကျမ်းကို ဒါဝူးဒ်နဗိ ရရှိတော်မူခဲ့၏။
(၃) အီနဂျီလ်ကျမ်း။ ထိုကျမ်းကို အီစာနဗိ ရရှိတော်မူခဲ့၏။
(၄) ကုရ်အာန်ကျမ်း ထိုကျမ်းကို ကျွန်ုပ်တို့၏နဗီတမန်တော်မြတ် ﷺ သခင် ရရှိတော်မူခဲ့၏။ ကုရ်အာန်ကျမ်းတော်မြတ်သည် နောက်ဆုံးကျမ်းဖြစ်၏။ နောက်နောင် မည်သည့်ကျမ်းမျှလာမည်မဟုတ်။ ကိယာမသ်နေ့တိုင်အောင် ကုရ်အာန်ကျမ်းတော်မြတ်၏ အပိုဒ်ပညတ်ချက်သာလျှင် တည်မြဲနေမည်။ အခြား ကျမ်းကြီးများကို လမ်းလွဲသူတို့က အကြီးအကျယ် အပြောင်းအလဲ ပြုလုပ်ထားကြသည်။ ကုရ်အာန် ကျမ်းတော်မြတ်ကို ထိန်းသိမ်းရန် အလ္လာဟ်အရှင်မြတ်က ကတိတော်ရှိထား၍ မည်သူကမျှ ပြောင်းလဲနိုင်မည် မဟုတ်ပါ။

၂၅ အမေး- ဆွဟာဗီဆိုသည်မှာ မည်သူနည်း?

အဖြေ- ကျွန်ုပ်တို့၏ နဗီတမန်တော်မြတ် ﷺ ကို အီမာန်နှင့်တကွ တွေ့မြင်၍ အီမာန်နှင့်တကွ ကွယ်လွန်ခဲ့သူကို ဆွဟာဗီဟုခေါ်သည်။ ဆွဟာဗီတို့၏ အဆင့်အတန်းသည် အလွန်မြင့်မားသည်။ ဆွဟာဗီအားလုံးအား ချစ်ခင်ရန်နှင့် အထင်ကောင်းထားရန် အရေးကြီး၏။ ၎င်းတို့တွင် ဆွဟာဗီလေးပါးသည် အလွန်ကျော်

ကြား၍ အခြားဆွဟာဗိတို့ထက် အဆင့်မြင့်ကြသည်။

(၁) အဗူဗကရ်ဆွိဒ်ဒီးကဲ ﷺ သခင်၊ ယင်းဆွဟာဗိ ကြီးသည် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် ပထမဦးဆုံးခလီဖဟ်ဖြစ်ခဲ့၏။ ၄င်းသည် အုမ္မသ်ထု တစ်ရပ်လုံးတွင် အမြတ်ဆုံးဖြစ်၏။

(၂) ၄င်း၏နောက်တွင် အုမရ် ﷺ သခင်သည် ဒုတိယခလီဖဟ်ဖြစ်ပြီး အုမ္မသ်ထုတစ်ရပ်လုံးတွင် ဒုတိယအမြတ်ဆုံးဖြစ်၏။

(၃) ၄င်း၏နောက်တွင် အုဆ်မာန် ﷺ သခင်သည် တတိယခလီဖဟ်ဖြစ်ပြီး အုမ္မသ်ထုတစ်ရပ်လုံးတွင် တတိယအမြတ်ဆုံးဖြစ်၏။

(၄) ၄င်း၏နောက်တွင် အလီ ﷺ သခင် စတုတ္ထ ခလီဖဟ်ဖြစ်ပြီး အုမ္မသ်ထုတစ်ရပ်လုံးတွင် စတုတ္ထ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။

၂၈ **အမေး**- ဆွဟာဗိနှင့် ဝလီ၏ အဆင့်အတန်းမှာ တူညီပါ သလား?

**အဖြေ**- ဆွဟာဗိ၏အဆင့်အတန်းမှာ အဘယ်မျှမြင့်မားသည် ဟုဆိုလျှင် အလွန်ကြီးကျယ်သော ဝလီသူတော်စင် သည်ပင် သာမာန် ဆွဟာဗိတစ်ပါး၏အဆင့်ကို မမီနိုင်ပါ။

၂၉ အမေး- နဗိတမန်တော်မြတ် ﷺ ၏ သားသမီးများနှင့် ကြင်ယာတော်များအား မည်သို့သဘောထားရမည်နည်း?

အဖြေ- ကျွန်ုပ်တို့၏နဗိတမန်တော်မြတ် ﷺ ၏ သားသမီးများနှင့် ဇနီးကြင်ယာတော်အားလုံးကို ကြည်ညိုလေးစားရမည်။ သားသမီးများတွင် ဖာသိမဟ် ؓ သခင်မသည် အဆင့်အမြင့်မားဆုံးဖြစ်ပြီး၊ ကြင်ယာတော်များတွင် ခဒီဂျဟ် ؓ သခင်မနှင့် အာအိရှဟ် ؓ သခင်မတို့သည် အဆင့်အတန်းအမြင့်မားဆုံးဖြစ်သည်။

၃၀ အမေး- အီမာန်တည်မြဲမှုသည် မည်သည့်အရာများအပေါ် မူတည်၍ မည်သည့်အရာများဖြင့် အီမာန်ပျက်သနည်း?

အဖြေ- အလ္လာဟ်နှင့် ရစူလ်၏ မိန့်ဆိုချက်ဟူသမျှကို အမှန်ဟုသဘောပေါက် လက်ခံမှသာ အီမာန်တည်မြဲမည်ဖြစ်ပြီး အလ္လာဟ်နှင့်ရစူလ်၏ မိန့်ဆိုချက်အပေါ် သံသယဝင်ခြင်း (သို့) ငြင်းပယ်ခြင်း (သို့) အပြစ်ရှာခြင်း (သို့) သရော်ခြင်းတို့သည် ကုဖ်ရ် (အစ္စလာမ်ကိုငြင်းပယ်ခြင်း) ဖြစ်သည်။ ယင်းသို့ပြုခြင်းဖြင့် အီမာန်ပျက်သွားသည်။

၃၁ အမေး- သာသနာဖျက်ဆိုသည်မှာ မည်သူနည်း?

အဖြေ- ကုရ်အာန်နှင့် ဟဒီးစ်တို့၏ ရှင်းလင်းပြတ်သားလှသောအလို သဘောကိုလက်မခံခြင်း၊ ထို့ပြင် လှည့်ဖျား၍

မိမိအလိုကျ အစိပ္ပာယ်ကောက်ယူခြင်းသည် သာသနာ ဖျက်ဖြစ်၏။

၃၂ **အမေး**- အပြစ်ဂိုနာဟ်များကို လုပ်ပိုင်သည့်ဟု ခံယူချက်ထားပိုင် ပါသလား?

**အဖြေ**- အပြစ်ဂိုနဟ်များကို ဟလာလ် (လုပ်ပိုင်ခွင့်) ရှိသည်ဟု ခံယူထားပါက အီမာန်ပျက်သွားမည်။

၃၃ **အမေး**- အပြစ်ဂိုနာဟ်များကို မရှောင်သော်လည်း အပြစ်ကို အပြစ်မှန်းထင်လျှင် အီမာန်ပျက်ပါသလား?

**အဖြေ**- အပြစ်ဂိုနဟ်များ မည်မျှပင်ကြီးနေပါစေ၊ မကောင်းမှုဟု ထင်နေသမျှကာလပတ်လုံး အီမာန်မပျက်ပါ။ သို့သော် လည်း ဂိုနဟ်ကြောင့် အီမာန်အားနည်းသွားတတ် သည်။

၃၄ **အမေး**- အလ္လာဟ်အရှင်မြတ်အား မကြောက်ခြင်း၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ်ထံမှ မျှော်လင့်ချက်ကင်းခြင်းသည် မည်သို့ပါနည်း?

**အဖြေ**- အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့စိုးရိမ်မှု မထားခြင်း နှင့် မျှော်လင့်ချက်မထားခြင်းတို့သည် ကုဖ်ရ် ဖြစ်၏။

၃၅ **အမေး**- ဗေဒင်မေးမြန်းခြင်းနှင့် ယုံကြည်ပိုင်ခွင့် ရှိပါသလား?

**အဖြေ**- ဗေဒင်လက္ခဏာဆရာများထံ အကွယ်မှကိစ္စများကို မေးမြန်းခြင်းနှင့် ထိုစကားများကို ယုံကြည်ခြင်းသည် ကုဖ်ရ်ဖြစ်သည်။

၃၆ အမေး- အလ္လာဟ်အရှင်မြတ်မှလွဲ၍ အကွယ်မှအဖြစ်အပျက်များကို အကြောင်းခံမပါဘဲ သိသူရှိပါသလား?

အဖြေ- အလ္လာဟ်အရှင်မြတ်မှလွဲ၍ အကွယ်မှ အကြောင်းအရာများကို အကြောင်းခံမပါဘဲ မည်သူမျှမသိနိုင်ပါ။ အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များကို အကွယ်မှ အကြောင်းအရာများအား အသိပေးခဲ့သည်။ တမန်တော်မြတ် ﷺ ကို အလ္လာဟ်အရှင်မြတ်သည် ယခင် တမန်တော်များထက်ပို၍ အသိပေးတော်မူခဲ့၏။ သို့သော် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ "အာလိမုလ်ဂိုက်ဗ်" (အကြောင်းခံမပါဘဲ အကွယ်ကို သိသူ) ဟု ခေါ်ဆို ခွင့်မရှိပါ။ အလ္လာဟ်အရှင်မြတ်မှလွဲ၍ အကွယ်မှ ကိစ္စများကို အကြောင်းခံမပါဘဲ မည်သူမျှမသိနိုင်ပါ။

၃၇ အမေး- တစ်ဦးတစ်ယောက်အား ကာဖိရ်ဟု ပြောခွင့်ရှိပါသလား?

အဖြေ- တစ်စုံတစ်ယောက်၏ အမည်ကိုင်၍ ကာဖိရ်ဟုပြောခြင်း၊ လအ်နသ်ကျိန်ဆဲခြင်း မပြုရပါ။ 'ဇွာလင်မ်' မတရားပြုသူများအပေါ် လအ်နသ်၊ မုသားဝါဒီများအပေါ် အလ္လာဟ်လအ်နသ်ဟု ပြောဆိုခွင့်ရှိသည်။ သို့သော် အလ္လာဟ်နှင့်ရစူလ်က အမည်တပ်၍ လအ်နသ်ပြုခဲ့သော် (သို့) ကာဖိရ်အဖြစ် သေမည်ဟု

ကြိုတင်သတင်းပေးခဲ့သောသူကို ကာဖိရ်မလ်အူးန်ဟု ပြောဆိုခွင့်ရှိသည်။ ထိုသူအား ကာဖိရ်အဖြစ် သေမည်ဟု ယုံကြည်ခြင်းနှင့် ကာဖိရ်၊ ဂျဟာန္နမ်မီဟု ပြောဆိုနိုင်သည်။

၃၈ **အမေး**- ကွယ်လွန်ပြီးနောက် ဖြစ်ပျက်သော အဖြစ်အပျက်များကို ဖော်ပြပါ။?

**အဖြေ**- လူတို့သည် ကွယ်လွန်သေဆုံးသွားပြီးနောက် မြေမြှုပ်သင်္ဂြိုဟ်သည်ဖြစ်စေ၊ မမြှုပ်သည်ဖြစ်စေ မည်သည့်အခြေအနေတွင်ဖြစ်စေ ထိုသူထံ ဖရစ်(ရှ်)သဟ်နှစ်ပါး ရောက်လာမည်။ တစ်ပါးမှာ 'မွန်ကီးရ်'ဖြစ်ပြီး နောက်တစ်ပါးမှာ 'နကီးရ်'ဖြစ်သည်။ ထိုနှစ်ပါးလာရောက်မေးမြန်းသည်မှာ အသင့်ကိုးကွယ်မျှဖန်ဆင်းတော်မူသောအရှင် မည်သူနည်း? အသင့်သာသနာမှာ အဘယ်နည်း။ (ကိုယ်တော်မြတ် ﷺ နှင့် ပတ်သက်၍) ဤပုဂ္ဂိုလ်မှာ မည်သူနည်းဟူသော မေးခွန်းများကို မေးမြန်းကြပေမည်။ အကယ်၍ သေသူသည် အီမာန်ရှင်ဖြစ်ခဲ့သော် တိတိကျကျ အဖြေပေးမည်။ ထို့နောက် သေသူအတွက် ထိုနေရာသည် သာယာမှုအပေါင်းနှင့် ခညောင်းနေမည်။ ဂျန္နသ်ဘက်သို့ ပြူတင်းပေါက်ဖွင့်ပေးလိုက်မည်။ ထိုပြူတင်းပေါက်

မှ ဂျူနွှသ်၏လေပြေလေညှင်းနှင့် မွှေးရနံ့များ အဆက် မပြတ် ရောက်ရှိနေမည်။ ထိုသူသည် ကိယာမသ် နေ့ထိ ထိုနေရာတွင် ဇိမ်ဖြင့် အရသာရှိရှိနေရမည်။ အကယ်၍ သေသူသည် အီမာန်မပါခဲ့သော် မေးခွန်း တိုင်းကို ကျွန်တော် ဘာမှ မသိပါဟု အဖြေပေးမည်။ ထို့နောက် ထိုသူသည် ပြင်းထန်သော အဇားဗ် ပြစ်ဒဏ်ကို ကိယာမသ်နေ့ထိ ပေးခြင်းခံနေရမည်။ သို့သော် အထက်ပါအကြောင်း ကိစ္စတို့သည် သေသူ သာလျှင် သိမြင်ခံစားရမည်။ ရှင်နေသူတို့ မသိနိုင်၊ မမြင်နိုင်ပါ။ အိပ်နေသောသူသည် အိပ်မက်တွင် အမျိုးစုံကိုတွေ့နေရသော်လည်း ဘေးမှ ထိုင်နေသူ သည် ဘာမျှမသိသကဲ့သို့ဖြစ်၏။

၃၉ **အမေး**- ကွယ်လွန်ပြီးနောက် နေ့စဉ်နံနက်နှင့် ညနေ ဖြစ်ပျက် မည့် အဖြစ်အပျက်ကို ဖော်ပြပါ?

**အဖြေ**- ကွယ်လွန်ပြီးနောက်တွင် နေ့စဉ် နံနက်နှင့် ညနေ၌ သေသူစံမြန်းရမည့်နေရာဌာနအား ပြသမည်။ ဂျူနွှသ် ရောက်မည့်သူအား ဂျူနွှသ်ကိုပြ၍ ကောင်းသတင်း ပေးမည်။ ဂျဟာန္နမ်သွားမည့်သူအား ဂျဟာန္နမ်ကိုပြ၍ ပူပင်သောကတိုးပွားစေမည်။

၄၀ **အမေး**- ကွယ်လွန်သူအား မည်သို့ အကျိုးပြုရပါသနည်း?

**အဖြေ**- ကွယ်လွန်သူအတွက်ရည်စူး၍ ဒိုအာပြုပေးခြင်းဖြင့်လည်းကောင်း၊ ကောင်းမှုဒါနပြု၍လည်းကောင်း၊ ၄င်းဘက်မှ ဟဂျ်ပြုပေးခြင်းဖြင့် လည်းကောင်း အကျိုးစဝါးဗ်ရောက်ရှိစေပြီး ကွယ်လွန်သူအတွက် များစွာအကျိုးဖြစ်ထွန်းစေသည်။

၄၁ **အမေး**- တမန်တော်မြတ် ﷺ မိန့်ကြားခဲ့သော ကိယာမသ်၏နိမိတ်လက္ခဏာများကို ဖော်ပြပါ?

**အဖြေ**- အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်မိန့်ကြားခဲ့သော ကိယာမသ်၏နိမိတ် လက္ခဏာတို့မှာ မုချဖြစ်ပေါ်မည်သာဖြစ်၏။ အိမာမ်မဲဟ်ဒီပေါ်ထွန်းမည်၊ တရားမျှတစွာဖြင့် အုပ်ချုပ်မင်းလုပ်မည်။ ဒဂ်ျဂျာလ်ပေါ်ထွက်ပြီး ပြဿနာပေါင်းများစွာဖန်တီးမည်။ ဒဂ်ျဂျာလ်ကို အဆုံးစီရင်ရန်အတွက် အီစာ ﷺ သည် မိုးကောင်းကင်မှ ဆင်းသက်၍ ၄င်းကို အဆုံးစီရင်တော်မူမည်။ ယာဂျူးဂျ် မာဂျူးဂျ်သည် ကမ္ဘာမြေပထဝီတလွှား ပျံ့နှံ့သွားပြီး အကြီးအကျယ် မွှေနှောက်လိမ့်မည်။ ထို့နောက် အရှင်မြတ်၏ဒဏ်ခတ်မှုဖြင့် ပျက်စီးချုပ်ငြိမ်းသွားမည်။ အံ့ဖွယ်သတ္တဝါတစ်မျိုး မြေမှထွက်လာပြီး လူတို့နှင့်စကားပြောလိမ့်မည်။ အနောက်ဘက်မှ နေထွက်မည်၊ မွတ်စလင်မ်အားလုံး ကွယ်လွန်သွားမည်။ လောကကြီးတစ်ခုလုံး ကာဖိရ်များနှင့်

ပြည့်နက်နေလိမ့်မည်။ ထို့အပြင် အခြား မြောက်မြား စွာသော ကိစ္စရပ်များ ဖြစ်ပေါ်မည်။

၄၂ **အမေး**- ကိယာမသ်၏ လက္ခဏာများ ပြည့်စုံသွားသောအခါ မည်သို့ဖြစ်ပျက်မည်နည်း?

**အဖြေ**- ကိယာမသ်၏ နိမိတ်လက္ခဏာများ ပြည့်စုံသွားသော အခါ မွတ်စ်လင်မ် တစ်ဦးတစ်ယောက်မျှ အသက်ရှင် ကျန်နေလိမ့်မည် မဟုတ်ချေ။ ကာဖိရ်တို့သည် ဘဝ စည်းစိမ် အပြည့်အဝခံစားနေကြလိမ့်မည်။ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ဖြင့် အိစ်ရာဖီးလ် ﷺ ကောင်းကင်တမန်ကြီးက ဆူရ်တံပိုးမှုတ်လိုက် သည်နှင့် ကောင်းကင်ကြီး ပေါက်ကွဲသွားလိမ့်မည်။ ကြယ်တာရာ များ အလင်းမဲ့သွားလိမ့်မည်။ နေနှင့် လတို့၏ အလင်း ရောင် ပျောက်ကွယ်သွားလိမ့်မည်။ မြေပထဝီကြီး လျှော်လှုပ်ရမ်းလိမ့်မည်။ မိုးကောင်းကင်ကြီးပေါက်ကွဲ၍ တစ်စစီ ကြေမွသွားလိမ့်မည်။ တောင်ကြီးများသည် ဝါဂွမ်းကဲ့သို့ လွင့်ပျံသွားလိမ့်မည်။ သက်ရှိဟူသမျှ သေဆုံးသွားလိမ့်မည်။ သူသေများအားလုံး၏ ဝိညာဉ် မှာ မေ့မျောသွားမည်။ သို့သော် အလ္လာဟ်အရှင်မြတ် အလိုရှိသူ၏ ဝိညာဉ်ကို မေ့မျောခြင်းမှ ကာကွယ်ထား လိမ့်မည်။ ထိုဖြစ်အင်တို့သည် ကာလအတန်ကြာ တိုင်အောင် ဤအတိုင်း ရှိနေလိမ့်မည်။

၄၇ အမေး- ဒုတိယအကြိမ် ဆူရ်တံပိုးမှုတ်လျှင် မည်သည့်အဖြစ် အပျက်များဖြစ်မည်နည်း?

အဖြေ- ထို့နောက် အလ္လာဟ်အရှင်မြတ် အလိုတော်ရှိသောအခါ အိစ်ရာဖီးလ် (အ.စ) ထပ်မံ၍ ဆူရ်တံပိုးမှုတ်လိမ့်မည်။ ထိုအခါ တစ်လောကလုံး ပြန်လည်ဖြစ်တည်လာမည်။ ကွယ်လွန်သူများ ပြန်လည် ရှင်ပြန်ထကြလိမ့်မည်။ ထို့နောက် ကွင်းပြင်တစ်ခုတွင် စာရင်းအင်း စစ်ဆေးခံ ရန်အတွက် ကမ္ဘာ့လူသားအားလုံး စုရုံးကြလိမ့်မည်။ ယင်းကို ကိယာမသ်နေ့ဟု ခေါ်သည်။ ကိယာမသ် နေ့၏ဒုက္ခဒဏ်ကို မခံနိုင်၍ လူတို့သည် နဗီတမန် တော်များထံသွား၍ အသနားခံခိုင်းကြမည်။ နဗီတမန် တော်အားလုံးက ငြင်းကြလိမ့်မည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏နဗီတမန်တော်မြတ် (ဆ.လ) က အလ္လာဟ် အရှင်မြတ်ထံ အသနားခံပေးလိမ့်မည်။ ထိုအခါ စာရင်း စစ်ဆေးမှုစတင်လိမ့်မည်။ မီဇာန်ချိန်ခွင်ကို ထားရှိမည်။ ကောင်းမှု၊ မကောင်းမှုကျင့်စဉ်များကို ချိန်တွယ်မည်။ အမလ်များအပေါ်တွင် ဆုံးဖြတ်ချက်ချလိမ့်မည်။ အချို့ သည် စာရင်းစစ်ဆေးခြင်းမရှိဘဲ ဂျန္နသ်သို့ ဝင်ရောက် ရလိမ့်မည်။ သူတော်ကောင်းများမှာ စာရင်းမှတ်တမ်း ကို ညာဘက်တွင်ပေးအပ်ခြင်းခံရ၍ မကောင်းသူ များမှာ စာရင်းမှတ်တမ်းကို ဘယ်ဘက်လက်တွင် ကျောဘက်မှ ပေးအပ်ခြင်းခံရမည်။ ကျွန်ုပ်တို့၏ နဗီ

တမန်တော်မြတ် ﷺ သည် မိမိအုမ္မသ်သားများကို ကောင်စရ်ကန်တော်မှ ရေကို တိုက်ကျွေးတော်မူမည်။ ထိုရေသည် နို့ထက် ဖြူဖွေး၍ ပျားရည်ထက်ပို၍ ချိုမြလိမ့်မည်။ ထို့နောက် ပွလ်ဆွိရားသ် တံတားပေါ်မှ ဖြတ်လျှောက် ရမည်။ သူတော်ကောင်းတို့သည် ဖြတ်ကျော်ပြီး ဂျန္နသ်သို့ ရောက်သွားလိမ့်မည်။ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့သည် ပြုတ်ကျ၍ ဂျဟန္နမ်ထဲသို့ ရောက်သွားမည်။

၄၄ **အမေး**- ဂျဟန္နမ်အတွင်းရှိမည့် အပြစ်ဒဏ်များကို ဖော်ပြပါ?

**အဖြေ**- ဂျဟန္နမ်ကို ဖန်ဆင်းပြီးဖြစ်၏။ ထိုဂျဟန္နမ်ထဲတွင် မြွေ၊ ကင်းနှင့် မျိုးစုံသော အပြစ်ဒဏ်များရှိ၏။ ဂျဟန္နမ်ငရဲသားတို့ထဲမှ အနည်းငယ် အီမာန်ရှိသူသည်လည်း မိမိအပြစ်ဒဏ်ကိုခံပြီးနောက် နဗီတမန်တော်များနှင့် သူတော်ကောင်းတို့၏အသနားခံမှုကြောင့် မည်မျှပင်ကြီးမားသည့် ပြစ်မှုကို ကျူးလွန်ခဲ့ပါစေ ဂျန္နသ်သို့ ဝင်ရောက်ရမည်သာဖြစ်၏။ ကာဖိရ်နှင့် မုရှ်ရစ်က် (အလ္လာဟ်နှင့်အခြားအရာကို တွဲဖက်ကိုးကွယ်သူ) တို့သည်ဂျဟန္နမ်အတွင်းမှ ထွက်ခွင့်မရဘဲ အမြဲထာဝရ ပြစ်ဒဏ်များခံနေရမည်။ လွတ်ငြိမ်းချမ်းသာခွင့်လည်း ရကြမည်မဟုတ်ချေ။ သေခြင်းတရားသည်လည်း ဆိုက်ရောက်လာမည်မဟုတ်ချေ။

၄၅ အမေး- ဂျန္နသ်အတွင်းရှိ စည်းစိမ်များကို ဖော်ပြပါ?

အဖြေ- ဂျန္နသ်ကိုလည်း ဖန်ဆင်းပြီးဖြစ်၏။ ဂျန္နသ်တွင် အမျိုးစုံသော စည်းစိမ်နှင့်သုခများရှိ၏။ ဂျန္နသ်သီတို့တွင် မည်သည့်စိုးရိမ်သောကမျှ ရှိမည်မဟုတ်။ ဒုက္ခနှင့် မောပန်းနွမ်းနယ်ခြင်းဟူ၍လည်း ရှိမည်မဟုတ်။ ဂျန္နသ်တွင်းမှ ထွက်ရမည်လည်းမဟုတ်။ အထုတ်ခံရမည်လည်းမဟုတ်၊ ထွက်ချင်ကြမည်လည်းမဟုတ် ဘယ်သောအခါမှ သေဆုံးမည်လည်းမဟုတ်၊ အမြဲထာဝရစည်းစိမ်အပြည့်နှင့် ဂျန္နသ်တွင် စံမြန်းနေရမည်။

၄၆ အမေး- အလ္လာဟ်အရှင်မြတ်အပေါ် တစ်ဦးတစ်ယောက်က ဩဇာညောင်းနိုင်ပါသလား?

အဖြေ- အလ္လာဟ်အရှင်မြတ်အပေါ် မည်သူကမျှ ဩဇာမညောင်းနိုင်ပါ။ အရှင်မြတ်သည် သေးငယ်သောအပြစ်အပေါ် အရေးယူနိုင်ပြီး ကြီးမားသောအပြစ်ကို အရေးမယူဘဲ ခွင့်လွှတ်နိုင်တော်မူသည်။

၄၇ အမေး- အလ္လာဟ်အရှင်မြတ်သည် 'ရှိရ်ကဲ' နှင့် 'ကုဖ်ရ်'ကို ခွင့်လွှတ်ပါမည်လား?

အဖြေ- အလ္လာဟ်အရှင်မြတ်သည် ရှိရ်ကဲနှင့် ကုဖ်ရ်၏အပြစ်မှုကို မည်သည့်အခါမျှ မည်သူ့ကိုမျှခွင့်မလွှတ်ပါ။ ထိုပြစ်မှုမှ

လွှဲ၍ ကျန်ဂိုနဟ်များကို အလိုတော်ရှိသူကို အသနားတော်ဖြင့် ခွင့်လွှတ်လိမ့်မည်။

၄၈ **အမေး**- တစ်ဦးတစ်ယောက်အား ဂျန္နသီဟု အတိအကျပြောနိုင်ပါသလား?

**အဖြေ**- အလ္လာဟ်နှင့်ရစူလ်က မည်သူမည်ဝါသည် ဂျန္နသီဖြစ်ကြောင်း အသိပေးထားသူမှလွဲ၍ မည်သူ့ကိုမျှ ဂျန္နသီဟု တတ်အပ်မပြောနိုင်။ သို့သော်ငြားလည်း တစ်စုံတစ်ဦး၏ ကောင်းမှုကိုကြည့်၍ အကောင်းထင်မြင်နိုင်သည်။

၄၉ **အမေး**- ဂျန္နသ်၏ စည်းစိမ်များတွင် အကောင်းဆုံးစည်းစိမ်မှာ အဘယ်နည်း?

**အဖြေ**- ဂျန္နသ်တွင်ရရှိမည့် စည်းစိမ်အပေါင်းတွင် အလ္လာဟ် အရှင်မြတ်အား ဖူးမြော်ခွင့်ရခြင်းမှာ အကြီးမားဆုံး စည်းစိမ်ဖြစ်သည်။ ထိုစည်းစိမ်နှင့်နှိုင်းယှဉ်၍ ကျန်စည်းစိမ်များမှာ ဘာမျှပြောပလောက်မည်မဟုတ်ချေ။

၅၀ **အမေး**- ဤလောကတွင် အလ္လာဟ်အရှင်မြတ်ကို ဖူးမြော်နိုင်ပါသလား?

**အဖြေ**- ဤလောကတွင် နိုးကြားနေသောအချိန်တွင် ဤမျက်လုံးဖြင့် အလ္လာဟ်အရှင်မြတ်ကို မည်သူမျှမမြင်တွေ့ခဲ့ပါ။ မည်သူမျှ တွေ့မြင်နိုင်မည်လည်းမဟုတ်ပါ။

၅၁ အမေး- လူ၏ မည်သည့်အချိန်နှင့် အခြေအနေကိုကြည့်၍ အကောင်းအဆိုး ဆုံးဖြတ်မည်နည်း?

အဖြေ- လူသည် ဘဝသက်တမ်းတစ်လျှောက်လုံး မည်မျှပင် ကောင်းကောင်း၊ မည်မျှပင်ဆိုးဆိုး၊ ၎င်း၏ဆုံးဖြတ်ချက်မှာ နိဂုံးအတိုင်းသာဖြစ်မည်။ အီမာန်နှင့်သေဆုံး ခဲ့လျှင် အီမာန်ရှင်ဖြစ်ပြီး ကာဖိရ်အဖြစ် သေဆုံးလျှင် ကာဖိရ်အဖြစ် သတ်မှတ်ခံရမည်။

၅၂ အမေး အလ္လာဟ်အရှင်မြတ်သည် လူသားတို့၏ သောင်ဗဟ်ပြု အမှားဝန်ခံခြင်းကို မည်သည့်အချိန်ထိ လက်ခံတော်မူ သနည်း?

အဖြေ လူသည် သက်တမ်းတစ်လျှောက်လုံး မည်သည့်အခါ ဖြစ်စေ သောင်ဗဟ်ပြုသော် (သို့) အီမာန်လက်ခံခဲ့သော် အလ္လာဟ်လက်ခံတော်မူ၏။ သို့သော် သေအံ့ဆဲဆဲ အဇာဗ်ပေးမည့် ''ဖရစ်ရှ်သဟ်'' များကို တွေ့မြင်ရသောအချိန်တွင် ကာဖိရ်၏ အီမာန်ယူခြင်းနှင့် ဂိုနဟ်ကျူးလွန်သူ အီမာန်ရှင်၏ သောင်ဗဟ်ကို လက်မခံတော့ပါ။ ကာဖိရ်မှာမူ လုံးဝလွတ်ငြိမ်းချမ်းသာခွင့် ရမည်မဟုတ်သော်လည်း ဂိုနဟ်ကျူးလွန်သူ အီမာန်ရှင်အား အလ္လာဟ်အရှင်မြတ် အလိုရှိက လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်။ သို့မဟုတ်က အပြစ်ပေးပြီးနောက် ဂျန္နသ်သို့ ပို့ဆောင်လိမ့်မည်။

# اسلامی عقائد

# အစ္စလာမ့် ယုံကြည်ချက်များ

အမေး - အဖြေ

ပြုစုသူ

မော်လာနာ အာရှိက်ကွ်အီလာဟီ (ဘိုလန်ဒ်ရှဟ်ရီ)

ပြန်ဆိုသူ

မော်လာနာ ရပီးက် (အဉီ)

## အတုယူသင့်သည့်ချစ်ဖွယ်ရာများ

ကုရ်အာန် ဟဒီးစ်နှင့်ကိုက်ညီသော ယုံကြည်ချက် မရှိသရွေ့ မွတ်စ်လင်မ်၏သား (သို့) မွတ်စ်လင်မ်ဟု ကြွေးကြော်ရုံနှင့် မွတ်စ်လင်မ်မဖြစ်နိုင်ပါ။ များစွာသောလူတို့သည် ကိုယ်တော်မြတ် ﷺ ၏ နောက်တွင် အခြားသူအား "ရစူလ်" ဟု လက်ခံကြ၏။ အချို့သူတို့သည် "ဖရပ်ဇ်" များကိုငြင်းပယ်ကြ၏။ အချို့သူတို့သည် ကုရ်အာန်ကို ပြောင်းလဲထားသည်ဟု ခံယူကြ၏။ ယင်းသူတို့သည် မိမိကိုယ်ကို အစ္စလာမ်ဟု ကြွေးကြော်သော်လည်း မွတ်စ်လင်မ်မဟုတ်ပါ။

**ဖြန့်ချိရေး**

ဟာဖိဇ် အဗ်ဒုလ်မာဗိးဒ်

အမှတ် ၁၆၁၊ ၂၇လမ်း(အထက်)။

ဖုန်း ၃၇၆၅၃၅

Design Royal Rose 124, 33st.